Message Three

## တစ်ခုတည်းသောအရာကို စဉ်းစားခြင်းအားဖြင့်၊ ကိုယ်တော်၏အတွင်းအစိတ်အပိုင်းများ၌ ခရစ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်ခြင်းအားဖြင့်၊ ကိုယ်တော်၏ ကောင်းသောကျေနပ်အားရခြင်းအတွက် အလိုရှိခြင်းနှင့် လုပ်ဆောင်ခြင်းဖြင့် ကျွန်ုပ်တို့၌ ပြုပြင်ရန် ဘုရားသခင်ကို အခွင့်ပေးခြင်းအားဖြင့် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန် စိတ်၌ တစ်ခုတည်းဖြစ်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဖိ၊၁း၄၊ ၈၊ ၁၈၊ ၂၅၊ ၂၇။ ၂း၂၊ ၁၂-၁၃၊ ၁၇-၁၈၊ ၂၈-၂၉။ ၃း၁။ ၄း၁၊ ၄၊ ၁၀၊ ၁၅-၁၆

I. **အတိအကျပြောရလျှင် ဖိလိပ္ပိစာစောင်သည် ခရစ်တော်ကို တွေ့ကြုံခံစားခြင်းစာစောင်ဖြစ်သည်သာမက၊ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းစာစောင်လည်းဖြစ်သည်။ ခရစ်တော်ကို တွေ့ကြုံခံစားခြင်းသည် အဓိကအားဖြင့် ကျွန်ုပ်တို့၏ ဝိညာဉ်၌ ဖြစ်သည်၊ သို့သော် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့၏စိတ် (ကျွန်ုပ်တို့၏အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒ)၌ ဖြစ်သည်။**

A. ဖိလိပ္ပိစာစောင်သည် ခရစ်တော်ကို တွေ့ကြုံခံစားခြင်း၊ မွေ့လျော်ဝမ်းမြောက်ခြင်းတို့နှင့် သက်ဆိုင်နေသောကြောင့်၊ ၎င်းသည် ဝမ်းမြောက်ခြင်းကို ထွက်ပေါ်စေပြီး၊ ဝမ်းမြောက်ခြင်း၊ ရွှင်လန်းခြင်းနှင့် ပြည့်နေသော စာစောင်ဖြစ်သည် - ၁း၄၊ ၁၈၊ ၂၅။ ၂း၂၊ ၁၇-၁၈၊ ၂၈-၂၉။ ၃း၁။ ၄း၁၊ ၄။

B. ဖိလိပ္ပိမြို့၌ရှိသော သန့်ရှင်းသူများသည် တမန်တော်ပေါလု၏ အမှုတော်မှတစ်ဆင့် ဧဝံဂေလိတရား နှံ့ပြားကျယ်ပြန့်ခြင်းသို့ မိတ်သဟာယဖွဲ့ခြင်း ရှိခဲ့ကြသည်။ ဤပါဝင်ဆက်ဆံခြင်း၌ တမန်တော်အဖို့ သူတို့၏ ငွေကြေးဆိုင်ရာ ကူညီထောက်ပံ့ခြင်းတို့ ပါဝင်ခဲ့ကြသည် - အငယ်၊၁၀၊ ၁၅-၁၆။

1. ခရစ်တော်ကို တွေ့ကြုံခံစားခြင်းနှင့် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း အသက်တာသည် တစ်ဦးချင်းဆိုင်ရာ မဟုတ်ဘဲ၊ စုပေါင်းခြင်း၌ ဧဝံဂေလိတရားကို ထောက်မခြင်းရှိသော အသက်တာ၊ ဧဝံဂေလိဟောပြောခြင်း အသက်တာဖြစ်သည်။ ကျွန်ုပ်တို့သည် ဧဝံဂေလိတရားကို ထောက်မခြင်း၌ ပို၍မိတ်သဟာယဖွဲ့လေလေ၊ ခရစ်တော်ကို ပို၍တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း ရှိလေလေဖြစ်သည်။ ဤအရာသည် ကျွန်ုပ်တို့၏ အတ္တ၊ ရည်မှန်းချက်၊ နှစ်သက်မှုနှင့် ရွေးချယ်မှုတို့ကို သေစေသည်။
2. ကျွန်ုပ်တို့ ပြောထွက်သည်ဖြစ်စေ၊ တိတ်ဆိတ်စွာနေသည်ဖြစ်စေ၊ ကျွန်ုပ်တို့၏အသက်တာ၊ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်း၊ ကျွန်ုပ်တို့၏ဖြစ်ခြင်းနှင့် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်တစ်ခုလုံးသည် ခရစ်တော်ကို ဟောပြောခြင်း ဖြစ်ရမည် - ၁း၂၀။ ၄း၂၂။ ညွှန်း၊ ၂ကော၊၃း၃။

C. ပေါလုက ကျွန်ုပ်တို့ကို “ခရစ်တော်၏ ဧဝံဂေလိတရားနှင့်ထိုက်သော အပြုအမူ၌” မိမိတို့ကိုယ်ကို ပြုမူ၍သာ နေကြရန် တိုက်တွန်းထားသည်၊ ယင်းမှာ “တစ်ဝိညာဉ်တည်း၌ တည်၍၊ တစ်ခုတည်းသောစိတ်ဖြင့် ဧဝံဂေလိတရား၏ ယုံကြည်ခြင်းနှင့် အတူတကွ ကြိုးစားအားထုတ်ခြင်း” ဖြစ်သည် - ဖိ၊၁း၂၇။

1. ဧဝံဂေလိအလုပ်အတွက် တစ်ခုတည်းသောစိတ်ဖြစ်ရန်နှင့် စိတ်သဘောတူရန်မှာ ခရစ်တော်ကို တွေ့ကြုံခံစားခြင်းအတွက် တစ်ဝိညာဉ်တည်းဖြစ်ခြင်းထက် ပို၍ခက်ခဲသည်။ တိမောသေသည် တမန်တော်ပေါလုနှင့် စိတ်သဘောတူသည့် ညီအစ်ကိုတစ်ဦး ဖြစ်ခဲ့သည် - ၂း၁၉-၂၁။ ညွှန်း၊ အငယ်၊၃၀။
2. တစ်ခုတည်းသောစိတ်ဖြစ်ရန် တောင်းဆိုချက်မှာ ကျွန်ုပ်တို့ဝိညာဉ်၌ အသစ်မွေးဖွားခံပြီးနောက်၊ ကျွန်ုပ်တို့၏စိတ်၌ ပုံသဏ္ဍာန် ပြောင်းလဲခံရရန် ပို၍ ရှေ့ဆက်သွားရမည်ဖြစ်သည် - ၂ကော၊၃း၁၈။ ရော၊၁၂း၂။
3. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ချစ်ခင်ကြင်နာခြင်းများ၊ စဉ်းစားခြင်းများနှင့် ဆုံးဖြတ်ခြင်းများ၌ တစ်ခုတည်းမဖြစ်လျှင်၊ ကျွန်ုပ်တို့သည် တစ်ခုတည်းသောစိတ် မဖြစ်ကြပါ။ ကျွန်ုပ်တို့သည် စိတ်၌ တစ်ခုတည်း မဖြစ်သရွေ့ ဧဝံဂေလိတရားနှံ့ပြားခြင်းသို့ မိတ်သဟာယဖွဲ့ခြင်း၌ မရှိကြပါ၊ ကျွန်ုပ်တို့၏ အပြုအမူသည် ဧဝံဂေလိတရားနှင့် မထိုက်တန်ကြပါ။

4. အသင်းတော်၌ အင်္ဂါဝင်များအားလုံးသည် တစ်ခုတည်းသောစိတ်နှင့် တစ်ဝိညာဉ်တည်း၌ ရှိကြသောအခါ၊ ဤတစ်လုံးတစ်ဝဖြစ်ခြင်းသည် လက်ခံယုံကြည်စေခြင်း၊ အောင်နိုင်ခြင်းနှင့် ဆွဲဆောင်ခြင်းဖြစ်လာပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကို တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း ရှိကြလိမ့်မည်ဖြစ်သည်။

D. ကျွန်ုပ်တို့အနေဖြင့် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း မရှိဘဲ ခရစ်တော်ကို တွေ့ကြုံခံစားခြင်းရှိကောင်းရှိနိုင်ပေမည်၊ ဤနေရာရှိ ပြဿနာမှာ ကျွန်ုပ်တို့၏စိတ် - ကျွန်ုပ်တို့၏ အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒ၌ ဖြစ်သည်။ ကလေးများသည် သူတို့၏အစားအစာကို အရသာ တွေ့ခြင်းမရှိဘဲ စားသုံးနေကြသကဲ့သို့ အကြိမ်ပေါင်းများစွာ ကျွန်ုပ်တို့သည် ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း မရှိဘဲ ခရစ်တော်ကို တွေ့ကြုံခံစားခြင်းရှိကြသည်။

E. "သင်တို့သည် ခရစ်တော်ကို များစွာ မွေ့လျော်ဝမ်းမြောက်ခြင်း မရှိကြမည်ကို ကျွန်ုပ် အလွန်စိုးရိမ်မိပါသည်" (*The Collected Works of Witness Lee, 1978,* vol. 1, "The Experience of Christ," p. 340)။ များစွာတို့သည် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း ဆုံးရှုံးကြရခြင်း အကြောင်းရင်းမှာ သူတို့၏စိတ်၌ရှိသော ပြဿနာကြောင့် ဖြစ်သည်၊ သင်သည် ခရစ်တော်ကို များစွာ မွေ့လျော်ဝမ်းမြောက်ခြင်း မရှိလျှင်၊ ယင်းမှာ သင်သည် စိတ်၌တစ်ခုတည်း မဖြစ်ကြောင်း၊ စိတ်၌ ပေါင်းစည်းဆက်နွှယ်ခြင်း မရှိကြောင်း ပြသသည် - ဖိ၂း၂။

**II. ကျွန်ုပ်တို့အဖို့ စိတ်၌ တစ်ခုတည်းဖြစ်ရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် တစ်ခုတည်းသောအရာကို စဉ်းစားရန် လိုအပ်သည်၊ ဖိလိပ္ပိစာစောင်ရှိ *တစ်ခုတည်းသောအရာ* မှာ ခရစ်တော်ကို အတွင်းပိုင်း သိကျွမ်းခြင်း၊ တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းအား ရည်ညွှန်းသည်။ *တစ်ခုတည်းသောအရာ* မှာ ကိုယ်တော်ကို အမြတ်ရရန်၊ ကိုယ်တော်ကို ကိုင်စွဲရန်နှင့် ကိုယ်တော်ကို ပိုင်ဆိုင်ရန် ခရစ်တော်နောက်သို့ ပြေးလိုက်ခြင်းဖြစ်သည် - ၁း၂၀-၂၁။ ၂း၂၊ ၅။ ၃း ၇-၁၄။ ၄း၁၃။**

A. ခရစ်တော် ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်း၌ အသက်ရှင်ရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကို အဆုံးစွန် ချစ်မြတ်နိုးခြင်းအားဖြင့် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရမည်ဖြစ်ပြီး၊ ကိုယ်တော်ကို ချစ်မြတ်နိုးရန်အလို့ငှာ ကျွန်ုပ်တို့၏ စဉ်းစားခြင်းများသည် ခိုင်မာနေခြင်း (၂ကော၊၃း၁၄)၊ မျက်စိကွယ်နေခြင်း (၄း၄)၊ ပုန်ကန်ခြင်း (၁၀း၄-၅)၊ ယိုယွင်းပျက်စီးခြင်း (၁၁း၂-၃) တို့မှ ကယ်တင်ခံရရန် လိုအပ်သည်။

B. ကျွန်ုပ်တို့၏ စဉ်းစားခြင်းမှာ ခရစ်တော်ကို သိကျွမ်းခြင်း၏ သာလွန်ထူးမြတ်ခြင်း၊ ခရစ်တော်ကို တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းတို့အပေါ်တွင် ဗဟိုပြုရမည်ဖြစ်သည်။ အခြားအရာများအပေါ်တွင် ဗဟိုပြုခြင်းသည် ကျွန်ုပ်တို့အား ခြားနားသော စဉ်းစားခြင်းများကို ဖြစ်ပေါ်စေ၍၊ ကျွန်ုပ်တို့အလယ်တွင် သဘောထားကွဲပြားမှုများကို ပေါ်ပေါက်လာစေပါသည် - ၁ကော၊၁း၁၀။ ဖိ၊၃း၈-၉၊ ၁၅။ ၄း၂။

C. သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌ တစ်ခုတည်းသောအရာ၊ တုနှိုင်းရာမဲ့သောအရာမှာ  အလယ်ဗဟိုဆိုင်ရာနှင့် စကြဝဠာဆိုင်ရာတည်းဟူသော ခရစ်တော်နှင့်အတူ ဘုရားသခင်၏ ထာဝရစီမံကိန်း ဖြစ်သည် - ကော၊၃း၁၀-၁၁။

1. သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌ ဗဟိုပြုခြင်း၊ အလေးထားခြင်းနှင့် အမှုဆောင်ခြင်းရှိရမည့် တစ်ခုတည်းသောအရာမှာ ဘုရားသခင်၏ ထာဝရစီမံကိန်း ဖြစ်သည် - ၁တိ၊၁း၃-၄။

2. ဘုရားသခင့် ထာဝရစီမံကိန်း၏ ပါဝင်သည့်အရာမှာ ခရစ်တော် ဖြစ်သည်။ အမှန်စင်စစ် ကိုယ်တော်၏ ပြည့်စုံသော အမှုတော်၏ အဆင့်သုံးဆင့်၌ ခရစ်တော် ကိုယ်တော်တိုင်သည် ဘုရားဆိုင်ရာစီမံကိန်း ဖြစ်သည် (ယော၊၁း၁၄။ ၁ကော၊ ၁၅း၄၅ခ။ ဗျာ၊၁း၄။ ၃း၁။ ၄း၅။ ၅း၆)။ ဘုရားသခင်၏ အလိုဆန္ဒမှာ ခရစ်တော်၏ ပုဂ္ဂိုလ်တော်ကို လုံးလုံးလျားလျား၊ အပြည့်အဝ ပြန်လည်ရယူခြင်းဖြစ်သည် (ကော၊၁း၁၇ခ၊ ၁၈ခ။ ၂ကော၊၁၂း၂က။ ၂း၁၀။ ၃း၃)။

D. ဖိလိပ္ပိလူများအကြားတွင် သူတို့၏ စဉ်းစားခြင်းများ၌ သဘောထားကွဲလွဲနေခဲ့ကြ၍ (ဖိ၊၄း၂)၊ ၎င်းသည် တမန်တော်ကို ဆင်းရဲဒုက္ခ ဖြစ်စေခဲ့သည်။ သို့ဖြစ်၍ တမန်တော်သည် သူတို့အား တူညီသောအရာကို စဉ်းစားရန်၊  တစ်ခုတည်းသော အရာကို စဉ်းစားကြခြင်းဖြင့် သူ့အား ဝမ်းမြောက်ခြင်း ပြည့်စုံစေရန် တောင်းဆိုခဲ့သည် (၂း၂)။

1. တစ်ခုတည်းသောအရာထက် အခြားတစ်စုံတစ်ရာကို စဉ်းစားခြင်းသည် ဘုရားသခင်၏ စီမံကိန်းကို ဆန့်ကျင်ပုန်ကန်ခြင်းဖြစ်သည်။ ဘုရားသခင်၏စီမံကိန်းမှာ ကျွန်ုပ်တို့စဉ်းစားရမည့် တစ်ခုတည်းသောအရာ ဖြစ်သည်။ အသင်းတော်

အသက်တာ၌ ကျွန်ုပ်တို့သည် သန့်ရှင်းသူအားလုံးကို တစ်ခုတည်းသောအရာအား စဉ်းစားရန် ကူညီပေးဖို့ လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ စဉ်းစားခြင်းများကို အသင်းတော် အသက်တာအတွက်၊ ကိုယ်ခန္ဓာတော် အသက်တာအတွက် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းအပေါ်တွင် ဗဟိုပြုခြင်းနှင့် ဖြည့်ခံခြင်း ရှိရမည်ဖြစ်သည်။

2. သူတို့၏ စဉ်းစားခြင်းများမှာ သဘောကွဲလွဲနေသောကြောင့်၊ ဖိလိပ္ပိယုံကြည်သူများ၌ မတူညီသော ချစ်ခြင်းများ ရှိနေခဲ့သည် (အငယ်၊၂)။ သူတို့၌ တစ်လုံးတစ်ဝဖြစ်ခြင်းကို စောင့်ထိန်းရန်အတွက် သန့်ရှင်းသူအားလုံးအပေါ် တူညီသော ချစ်ခြင်းမေတ္တာ မရှိကြခဲ့ပေ။ သန့်ရှင်းသူများအပေါ် ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာကို ထိန်းညှိခြင်းနှင့် ဆက်ဆံဖြေရှင်းခြင်းရှိလျှင်၊ ကျွန်ုပ်တို့သည် သန့်ရှင်းသူများကို ချစ်သည့်အတိုင်း ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ကြလိမ့်မည်ဖြစ်သည်။
3. စိတ်၌ တစ်ခုတည်းဖြစ်ခြင်း၊ စိတ်၌ ပေါင်းစည်းဆက်နွယ်ခြင်းသည် ခရစ်တော်ကို တွေ့ကြုံခံစားခြင်းအတွက်သာမက၊ ခရစ်တော်ကို ပို၍ မွေ့လျော်ဝမ်းမြောက်ခြင်းအတွက်လည်း ဖြစ်သည်။ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန်အလို့ငှာ ကျွန်ုပ်တို့၌ သင့်လျော်မှန်ကန်သောစိတ်၊ "တွဲဖက်ညီသော-စိတ်" ရှိရန် လိုအပ်သည်၊ ဆိုလိုသည်မှာ အခြားသန့်ရှင်းသူများ၏ စိတ်များနှင့်အတူ တစ်ခုတည်းရှိခြင်း ဖြစ်သည်။

**III. ကျွန်ုပ်တို့အဖို့ စိတ်၌ တစ်ခုတည်းဖြစ်ရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အတွင်းပိုင်း ချစ်ခင်ကြင်နာခြင်း၊ ကြင်နာသနားသော ကရုဏာနှင့် ကိုယ်ချင်းစာနာခြင်းများကို ပုံဆောင်သည့် ကိုယ်တော်၏ ခံစားချက်များ၌၊ ကိုယ်တော်၏ "အတွင်းအစိတ်အပိုင်းများ"၌ ခရစ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်ရန် လိုအပ်သည် - ဖိ၊၁း၈။**

A. လူတစ်ဦးအနေဖြင့် ကိုယ်တော်၏ အတွင်းအစိတ်အပိုင်းများ၌ ခရစ်တော်၏ အတွေ့အကြုံများတွင် ကိုယ်တော်၏ ချစ်ခြင်းမေတ္တာ၊ အလိုဆန္ဒ၊ နှစ်သက်ခြင်းနှင့် ခံစားချက်တို့ ပါဝင်သည် - ဆာ၊၁၆း၃၊ ၇ (ပြန်လည်ရယူခြင်းကျမ်းမူရှိ မှတ်စုများကို ကြည့်ပါ)။
B. ပေါလုသည် သူ၏ဇာတိ အတွင်းဖြစ်ခြင်း၌ရှိသော အသက်တာကို အသက်မရှင်ခဲ့ပါ၊ သူသည် ခရစ်တော်၏ အတွင်းအစိတ်အပိုင်းများ၌ရှိသော အသက်တာကို အသက်ရှင်ခဲ့သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၌ တွေ့ကြုံခံစားသောသူများ ဖြစ်မည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အတွင်းအစိတ်အပိုင်းများ၌၊ ကိုယ်တော်၏ ကြင်နာသနားသော၊ နူးညံ့သိမ်မွေ့သော ခံစားချက်များ၌ ရှိရမည်ဖြစ်သည် - ကော၊၃း၁၂။
C. ဖိလေမုန်စာစောင်တွင် ခရစ်တော်ယေရှု၏ အတွင်းအစိတ်အပိုင်းများ၌ အသက်ရှင်သည့် ကိုယ်ခန္ဓာတော် အသက်တာ၏ ရုပ်ပုံကားချပ် ရှိသည် - အငယ်၊၇၊ ၁၀-၁၂၊ ၂၀။
   1. သြနေသိမ်သည် ပေါလုနှင့်အတူ ရောမမြို့၌ အကျဉ်းချခံနေရစဉ်၊ သူသည် ပေါလုအားဖြင့် ကယ်တင်ခြင်း ရရှိခဲ့သည်၊ သူ့ကို "ချည်နှောင်ခြင်းကို ခံစဉ်တွင် ငါဖြစ်ဖွားစေသောသား"ဟု ရည်ညွှန်းခဲ့သည် - အငယ်၊၁၀။
   2. ပေါလုသည် သူ၏စာနှင့်အတူ သြနေသိမ်ကို ဖိလေမုန်ထံသို့ ပြန်စေသောအခါ၊ ပေါလုက "ထိုသူ (သြနေသိမ်) ကို သင့်ထံသို့ ငါပြန်စေသည်ဖြစ်၍၊ သူ့ကို ငါ့ရင်သွေးကဲ့သို့ မှတ်လျက် လက်ခံလော့"ဟု ပြောဆိုခဲ့သည် - အငယ်၊၁၂။
   3. ပေါလု၏အတွင်းပိုင်း ချစ်ခင်နှစ်သက်ခြင်းနှင့် စာနာခြင်းတို့မှာ သြနေသိမ်နှင့်အတူ ဖိလေမုန်ထံသို့ ပါသွားလေသည်။ *ငါ့ရင်သွေး* ဟူသော စကား၏တိုက်ရိုက်အနက်မှာ ဖိလိပ္ပိ ၁း၈ ရှိ အတွင်းအစိတ်အပိုင်းများနှင့် အတူတူပင် ဖြစ်သည်၊ ယင်းမှာ အတွင်းပိုင်း ချစ်ခင်နှစ်သက်ခြင်း၊ စာနာခြင်းနှင့် သနားစုံမက်ခြင်းတို့ကို ပုံဆောင်သည် - ကော၊၃း၁၂။
D. ပေါလုသည် ခရစ်တော်၏ ခံစားချက်များကို သူ၏ကိုယ်ပိုင် ခံစားချက်များအဖြစ် ယူဆောင်ခြင်းအားဖြင့် ခရစ်တော် ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်း၌ အသက်ရှင်ခဲ့သည်၊ ကိုယ်ခန္ဓာတော်အတွက် ခရစ်တော်၏ ခံစားချက်များမှာ ကိုယ်ခန္ဓာတော်အတွက် သူ၏ခံစားချက်များ ဖြစ်လာခဲ့သည်၊ ဤအရာမှာ ကိုယ်ခန္ဓာတော်အသက်တာကို ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းအတွက် အလိုအပ်ဆုံးအရာ ဖြစ်သည် - ၂ကော၊၁၂း၁၅။
E. ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို ငြင်းပယ်ပြီး၊ မိမိတို့ကိုယ်ကို ကိုယ်ခန္ဓာတော်နှင့် ထပ်တူထပ်မျှ ရှိစေလျှင်၊ ကိုယ်ခန္ဓာတော်မှ ခွဲခြားခြင်း သို့မဟုတ် ပြတ်တောက်ခြင်း ရှိလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့ အသက်ရှင်သည့် အသက်တာမှာ လုံးလုံး ကိုယ်ခန္ဓာ

တော်အသက်တာ ဖြစ်ပြီး၊ သခင်ဘုရားသည် ယနေ့ မြေကြီးပေါ်တွင် သူ၏ကိုယ်ခန္ဓာတော် ထင်ရှားခြင်းကို ရရှိလိမ့်မည် ဖြစ်သည် - မ၊၁၆း၂၄။ ဧ၊၄း၁၆။

F. ကျွန်ုပ်တို့သည် ခရစ်တော်ယေရှု၏ အတွင်းအစိတ်အပိုင်းများ၌ ပို၍အသက်ရှင်လေလေ၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို ကျွန်ုပ်တို့၏ သိခြင်းမှာ ပို၍ကြီးမားလေလေ ဖြစ်ပြီး၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်အတွက် ကျွန်ုပ်တို့၏ ခံစားချက်မှာ ပို၍ သန့်စွမ်းလေလေဖြစ်လိမ့်မည် - ၁ကော၊၁၂း၂၆-၂၇။ ရော၊၁၂း၅။

**IV. ကျွန်ုပ်တို့အဖို့ စိတ်၌ တစ်ခုတည်းဖြစ်ရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် အတွင်းပိုင်း အားဖြည့်ပေးသော ဘုရားသခင်နှင့် ပူးပေါင်း လုပ်ဆောင်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ကယ်တင်ခြင်းကို ကိုယ်တိုင်ကြိုးစားအားထုတ်ကြရန် လိုအပ်သည်၊ ကိုယ်တော်သည် "သူ၏ ကောင်းသော ကျေနပ်အားရခြင်းအတွက် အလိုရှိခြင်းနှင့် လုပ်ဆောင်ခြင်း" နှစ်ခုလုံးကို ကျွန်ုပ်တို့အထဲ၌ ပြုပြင်တော်မူသည် - ဖိ၊၂း၁၂-၁၃။**

A. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းကို ကိုယ်တိုင် ကြိုးစားအားထုတ်ကြရမည်၊ အကြောင်းမှာ ဘုရားသခင်သည် ကျွန်ုပ်တို့အတွင်းတွင် လုပ်ဆောင်သောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့၌ လိုလားဆန္ဒ မရှိကြပါဟု ပြောဆိုကောင်းပြောဆိုပေမည်၊ သို့သော် ဘုရားသခင်သည် သူ၏ကောင်းသော ကျေနပ်အားရခြင်းအတွက် အလိုရှိခြင်းကို ကျွန်ုပ်တို့အထဲ၌ လုပ်ဆောင်တော်မူသည်။ အလိုရှိခြင်းသည် အတွင်းပိုင်းဖြစ်ပြီး၊ လုပ်ဆောင်ခြင်းသည် အပြင်ပိုင်းဖြစ်သည်။

B. ကျွန်ုပ်တို့သည် ကိုယ်တော်၏ကောင်းသော ကျေနပ်အားရခြင်းအတွက် အလိုရှိခြင်းကို ကျွန်ုပ်တို့အထဲ၌ ပြုပြင်တော်မူသော ကိန်းဝပ်နေသည့် သုံးပါးတစ်ပါးဘုရားနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းကို ကိုယ်တိုင်ကြိုးစားအားထုတ်ကြဖို့ ရွေးချယ်ရန် ကျွန်ုပ်တို့၏ ချိုးနှိမ်ခံရသော၊ ရှင်ပြန်ထမြောက်သော အလိုဆန္ဒနှင့်အတူ ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်ရမည်ဖြစ်သည်။

C. ကျွန်ုပ်တို့၏ ပုံသဏ္ဍာန်ပြောင်းလဲခံရသည့် အလိုဆန္ဒကို သီချင်း ၄း၄ ၌ ပုံဆောင်ချက်အလိုက် မြင်တွေ့ရသည်။ ဤကျမ်းပိုဒ်က သခင်ဘုရား၏ ချစ်သောရှာဖွေသူအား "လည်ပင်းသည်လည်း ဒါဝိဒ်၏ရဲတိုက်နှင့် တူ၏။/လက်နက်တိုက်အဖြစ် ဆောက်၍/ ဒိုင်းလွှားတစ်ထောင် ဆွဲထားလျက်၊/သူရဲတို့၏ ဒိုင်းကာအလုံးစုံ ဖြစ်ပေ၏"ဟု ပြောဆိုထားသည်။

1. သမ္မာကျမ်းစာက မိမိတို့၏ဇာတိ အလိုဆန္ဒအတိုင်း လျှောက်လှမ်းသောသူတို့သည် လည်ပင်း ခိုင်မာသောသူများအဖြစ် (ဟေရှာ၊၃း၁၆)၊ ခေါင်းမာသော၊ မာနရှိသောသူများဟု ပြောဆိုထားသည်။ ထို့ကြောင့် လည်ပင်းသည် လူတစ်ယောက်၏ အလိုဆန္ဒကို ရည်ညွှန်းသည်။ သခင်ဘုရားက လူ၏ဝန်ခံသော အလိုဆန္ဒကို လူ၌ အလှပဆုံးသောအရာအဖြစ် မှတ်ယူတော်မူသည်။
2. ရဲတိုက်နှင့်တူသော လည်ပင်းမှာ ရှာဖွေသောသူ၏ အလိုဆန္ဒသည် လောကကို မချစ်တော့ခြင်းနှင့် စာတန်အားဖြင့် လွှမ်းမိုးထိခိုက်မခံရတော့သည်အထိ ဘုရားသခင်အားဖြင့် အားဖြည့်ခံရကြောင်း ပုံဆောင်သည်။ သူမ၏ အလိုဆန္ဒမှာ ဒါဝိဒ် (ခရစ်တော်ကို ပုံဆောင်ခြင်း) ထံ အပြည့်အဝ ဝန်ခံခြင်းအထဲသို့ ခေါ်ဆောင်ခံရပြီး၊ သူမ၏ အလိုဆန္ဒမှာ ခရစ်တော်အားဖြင့် ဖမ်းဆီးခံရခြင်းဖြစ်သည်။
3. ရဲတိုက်အတွင်း၌ သိုလှောင်ထားသည့် လက်နက်တိုက်မှာ ရန်သူ၏ လုယူသိမ်းပိုက်ခြင်းမှ ယုံကြည်သူများ၏ အလိုဆန္ဒကို စောင့်ထိန်းကာကွယ်ခြင်းအတွက် ခရစ်တော်၏ အောင်မြင်ခြင်းကို ပုံဆောင်သည်။ ဒိုင်းလွှားများနှင့် ဒိုင်းကာတို့သည် ကာကွယ်ခြင်းအတွက် ဖြစ်ပြီး၊ သူရဲတို့သည် ခွန်အားကို ပုံဆောင်သည်။
4. အတိုချုပ်ဆိုရသော် သီချင်း ၄း၄ မှာ ယုံကြည်သူများသည် ခရစ်တော်၏ အလိုတော်ကို ဝန်ခံရန် လိုလားဆန္ဒရှိခြင်း၊ သူမ၏ အလိုဆန္ဒမှာ ကိုယ်တော်၏ အလိုတော်ကို သယ်ဆောင်ခြင်းအတွက် ရဲတိုက်ကဲ့သို့ ခိုင်ခံ့ခြင်းနှင့် သူမသည် နိုးနိုးကြားကြား စောင့်ကြပ်ကာ၊ သူမ၏ ဝန်ခံသော အလိုဆန္ဒကို လုယူသိမ်းပိုက်မည့် ရန်သူအား အခွင့်မပေးခြင်းတို့ကို ဖော်ပြခြင်းဖြစ်သည်။

D. ကျွန်ုပ်တို့၏ ကယ်တင်ခြင်းကို ကိုယ်တိုင် ကြိုးစားအားထုတ်ကြရန်အလို့ငှာ ကျွန်ုပ်တို့၏ နာခံခြင်း အသက်တာအဖြစ် ခရစ်တော်ကို ကျွန်ုပ်တို့၏ တွေ့ကြုံခံစားခြင်းအား နောစတည်ဆောက်ခဲ့သော သင်္ဘောပုံဆောင်ချက်၌ မြင်တွေ့ရသည်။ သင်္ဘော

ကို တည်ဆောက်ခြင်းမှာ ဘုရားသခင်၏ ကောင်းသော ကျေနပ်အားရခြင်းအတွက် စုပေါင်းထားသော ခရစ်တော် တည်းဟူသော ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် ကျွန်ုပ်တို့၏တွေ့ကြုံခံစားခြင်း၌ ဘုရားသခင်၏ ကယ်တင်ခြင်းတည်းဟူသော လက်တွေ့ကျသော၊ မျက်မှောက်ဖြစ်သော ခရစ်တော်ကို တည်ဆောက်ခြင်းဖြစ်သည် - ဖိ၊၂း၈၊ ၁၂-၁၃။

1. နောဧ လုပ်ဆောင်ခဲ့သောအရာနှင့် ဝင်ရောက်ခဲ့သောအရာမှာ ဘုရားသခင်၏ ကယ်တင်ခြင်းတည်းဟူသော သင်္ဘောဖြစ်သည်။ ကျွန်ုပ်တို့၌ ဘုရားသခင်၏ ကယ်တင်ခြင်းတည်းဟူသော ကျွန်ုပ်တို့ ဝင်ရောက်နိုင်သည့် လက်တွေ့ကျသော၊ မျက်မှောက်ဖြစ်သော ခရစ်တော် ရှိရမည်ဖြစ်သည်။
2. သင်္ဘောသည် ခရစ်တော်၏ ပုံဆောင်ချက် ဖြစ်ပြီး၊ တစ်ဦးချင်းဆိုင်ရာ ခရစ်တော်သာမက၊ အသင်းတော်တည်းဟူသော စုပေါင်းထားသော ခရစ်တော်လည်း ဖြစ်သည်၊ ယင်းမှာ ခရစ်တော်၏ ကိုယ်ခန္ဓာတော်နှင့် လူသစ်ဖြစ်သည် - က၊၆း၁၄။ ၁ကော၊၁၂း၁၂။ ဧ၊၂း၁၅-၁၆။ ကော၊၃း၁၀-၁၁။
3. သင်္ဘောကို တည်ဆောက်ခြင်းနှင့် ၎င်းအထဲသို့ ဝင်ရောက်ခြင်းအားဖြင့် နောသည် ရေလွှမ်းမိုးခြင်းဖြင့် ဆိုးညစ်သော မျိုးဆက်အပေါ် ဘုရားသခင်၏ စီရင်ခြင်းမှ ကယ်တင်ခံရသည်သာမက၊ ထိုမျိုးဆက်မှ ခွဲခြားခံရခြင်းနှင့် အသစ်သော ခေတ်အထဲသို့ ကြိုဆိုခံရခြင်းလည်း ဖြစ်သည် - က၊၈း၁၃-၁၉။ ၁ပေ၊၃း၂၀။
4. ထိုနည်းတူ အသင်းတော်ကို တည်ဆောက်ခြင်းနှင့် အသင်းတော် အသက်တာအထဲသို့ ဝင်ရောက်ခြင်းအားဖြင့် ကျွန်ုပ်တို့၏တွေ့ကြုံခံစားခြင်း၌ ဘုရားသခင်၏ ကယ်တင်ခြင်းတည်းဟူသော လက်တွေ့ကျသော၊ မျက်မှောက်ဖြစ်သော ခရစ်တော်ကို တည်ဆောက်ခြင်းမှတစ်ဆင့် ကျွန်ုပ်တို့သည် ဘေးဒဏ်ကြီးအားဖြင့် ယနေ့၏ ဆိုးညစ်သော မျိုးဆက်အပေါ်တွင် ဘုရားသခင်၏ စီရင်ခြင်းမှ ကယ်တင်ခံရခြင်း (မ၊၂၄း၃၇-၃၉။ လု၊၁၇း၂၆-၂၇။ ၁သက်၊၅း၃)၊ ထိုမျိုးဆက်မှ ခွဲခြားခံရခြင်း (လု၊၂၁း၃၆။ ဗျာ၊၃း၁၀) နှင့် အသစ်သော ခေတ်ကာလ၊ မိလေနိခေတ်ကာလအထဲသို့ ကြိုဆိုခံရခြင်းတို့ ရှိလိမ့်မည်ဖြစ်သည်။

*© 2023 Living Stream Ministry*